ကညင်ကုန်းကျေးရွာ
ရဲမွန်ကျေးရွာအုပ်စု
လှည်းကူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၅-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကညင်ကုန်းကျေးရွာ၊

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးသည်

၂၀၂၆ခုနှစ် ၊ ဇန်နဝါရီလ **ရက်**

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၁
	ကညင်ကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ၊ လှည်းကူးမြို့နယ်	၂
	ကညင်ကုန်းကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ၊ လှည်းကူးမြို့နယ်	၃
	ကညင်ကုန်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ လှည်းကူးမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၅-၆
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆-၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇-၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈-၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	**ပညာရေး**	၉-၁၀
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၉။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁-၁၂
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	

	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ (၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများစုပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံနှင့် သက်ဆိုင်ရာ မြို့နယ်ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းများ ပို့ချသင်ပြပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး

တိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း ၊ သတင်းအချက်အလက်များရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်နေသော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၆ခုနှစ် ၊ ဇန်နဝါရီလ


ကညင်ကုန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

လှည်းကူးမြို့နယ်

J

လှည်းကူးမြို့နယ် ၊ ရဲမွန်ကျေးရွာ အုပ်စု ၊ ကညင်ကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ



လှည်းကူးမြို့နယ် ၊ ရဲမွန်ကျေးရွာ အုပ်စု ၊ ကညင်ကုန်းကျေးရွာ ရာသီခွင်ပြပြကွဒိန်

အကြောင်း အရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဒုတိယလဆိုင်း	သီတင်းကျွတ်	တန်ခေါင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	☀	☀	☁	☁	☁	☁	☁	☀☁	☀☁	☀☁	☀☁	☀
အလုပ်အကိုင်	လယ်	လယ်	လယ်	လယ်				လယ်	ကျပန်း	ကျပန်း	ကျပန်း	ကျပန်း
သဘာဝဘေး	မီး ဘေး	မီးဘေး	မီးဘေး	-	-	-	-	-	အအေး လှိုင်းဖြတ်	-	-	မီး ဘေး
ပွဲတော်	သင်္ကြန်	ညောင် ရေသွန်း	-	ဝါဆို သင်္ကန်း	-	-	မီးထွန်းပွဲ	ကထိန်ပွဲ	ကောက် ဦးဆွမ်းက ပ်	-	ဘုရားပွဲ	ဘုရားပွဲ
သောက်ရေရှိမှု	လုံ လောက်	လုံ လောက်	-	-	-	-	-	-	-	-	-	မလုံ လောက်

နွေစပါး	ရိတ်သိမ်း	-	-	-	-	-	-	မျိုးကျဲ	ရေတင်၊ မြေဩကျွေး	မြေဩကျွေး	မြေဩကျွေး၊ ရေလျှော့	ရိတ်သိမ်း
မိုးစပါး	-	-	မျိုးကျဲ	စိုက်	-	-	ရိတ်သိမ်း	ရိတ်သိမ်း	စပါးခွေ	-	-	-
မွေးမြူရေး	ဝက်၊ ကြက်	ဝက်၊ ကြက်	ဘဲ	ဘဲ			ဝက်	ကြက်	ကြက်	ဝက်၊ ကြက်	ကြက်	ကြက်
ကျန်းမာရေးအခြေအနေ	ဝမ်းပျက်	ဝမ်းပျက်	သွေးလွန်တုပ်ကွေး	တုပ်ကွေး	သွေးလွန်တုပ်ကွေး	ဖျားနာ	ရာသီဖျား	-	-	-	-	ဝမ်းပျက်
ဝင်ငွေ	▲▲ ▲	▲▲▲	▲▲	▲	▲▲	▲▲	▲▲▲ ▲	▲▲▲▲	▲▲▲	▲▲▲	▲▲	▲▲
ထွက်ငွေ	▲▲ ▲	▲▲▲	▲▲▲▲	▲▲▲	▲▲▲	▲▲ ▲	▲▲▲	▲▲▲	▲▲▲	▲▲▲ ▲	▲▲▲	▲▲▲

နွေရာသီ ▲

အလွန်နည်း ▲▲ **နည်း**

မိုးရာသီ

ဆောင်းရာသီ/ပွင့်လင်းရာသီ ▲▲▲ **အသင့်အတင့်**

▲▲▲▲ **များ**

လှည်းကူးမြို့နယ် ၊ ရဲမွန်ကျေးရွာအုပ်စု ၊ ကညင်ကုန်းကျေးရွာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ


လူမှုကူညီးရေး
အသင်း
VDP
ကော်မတီ
ကျေးရွာ
ရပ်မိ/ဖအသင်း
ကျေးရွာ
အုပ်ချုပ်ရေး
အဖွဲ့
ဝေါဇီရှင်
အဖွဲ့
ချေးငွေ
အဖွဲ့
မိဘဆရာအ
သင်း

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကညင်ကုန်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ၊လှည်းကူးခရိုင် ၊ လှည်းကူးမြို့နယ် ၏ အရှေ့ဘက်တွင် တည်ရှိပြီး လတ္တီကျိုကျူ ၁၆.၁၃ဒီဂရီ နှင့် မြောက်လတ္တီကျူ ၉၄ ဒီဂရီ အကြား တွင်တည်ရှိပါသည်။ ကညင်ကုန်း ကျေးရွာသည် ရှေးယခင်အင်္ဂလိပ်ခေတ်ကတည်း တည်ရှိခဲ့ပြီး ကညင်ပင်များနှင့် ကညင်တောများစွာ ပေါက်ရောက်သောကြောင့် ထိုကညင်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ ကျေးရွာတည်ထောင်ပြီး ကညင်ကုန်းကျေးရွာ ဟုခေါ်တွင် စေခဲ့ပါသည်။ ကျေးရွာတည်ထောင်စဉ်က အိမ်ခြေ (၃၇)အိမ်ခန့်သာ ရှိပြီးကျေးရွာတွင်ယခု လက်ရှိအိမ်ခြေ(၁၆၀) အိမ်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ဖလေးရိုးချောင်းရှိပြီးအနောက်ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းများနှင့်ကပ်လျက်တည်ရှိပြီး မြောက်ဘက်တွင် ငါးကန်များနှင့် ဖလေးရိုးနှင့်နယ်နိ မိတ်ချင်းထိစပ် လျက်ရှိပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လှည်းကူးမြို့နယ် ၊ ကညင်ကုန်းကျေးရွာ၏ ရွာသီဥတုမှာ ယေဘုယျအားဖြင့် အပူပိုင်း မုတ်သုံ ရာသီဥတုဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ(၄၀)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ(၁၈) ဒီဂရီ စင်တီဂရိတ် ရှိပါသည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်မှာ (၆၀)လက်မခန့်ရှိပြီး မိုးအများဆုံးရွာသွန်း သောကာလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ ဖြစ်ပါသည်။ ကျေးရွာနံဘေးတွင် ပဲခူး၊ရန်ကုန်ကား လမ်းမကြီးရှိပြီး ၎င်းလမ်းမကြီးသည် ပဲခူးမြို့နှင့်မန္တလေးမြို့ကို ဆက်သွယ်ထားသော အမြန်လမ်း ဟောင်းကြီးဖြစ်ပါသည်။ ထိုလမ်းမကြီးသည် လမ်းများကောင်းမွန် သည့်အတွက် သွားလာရလွယ် ကူပြီး အချိန်ကုန် သက်သာစေပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၆၀)စုရှိပြီး ကျား(၂၉၈)ဦး၊ မ(၃၄၂)ဦး၊ စုစုပေါင်းလူဦးရေ(၆၄၀)ဦးရှိပြီး (၁)အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၃)ဦးခန့် နေထိုင် လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၆၀%)ဖြစ်ပြီး လုပ်သားအင်အား ရရှိမှု လည်းများပါသည်။ ကျပန်းလုပ်သားပေါများပြီး လုပ်ကိုင်ဆောင်ရွက်နိုင်သူ များအတွက် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာနှင့် နည်းပညာထောက်ပံ့ပေးခြင်း၊ တစ်နိုင်တပိုင် လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများစွာ ရှိပါသည်။ ကျေးရွာရှိ

အလုပ်လုပ်နိုင်သော အရွယ်တွင်အမျိုးသား လူဦးရေ ထက်အမျိုးသမီးလူဦးရေ၏ ရာခိုင်နှုန်းမှာ ပိုမိုများပြားပါသည်။ အသက်(၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏(၇%)ရှိပြီး ကျန်းမာရေးမှာလည်း အသင့်အတင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာ လုပ်ငန်း များအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအရပ်ဘက်လူမှုအဖွဲ့အစည်းများ အကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းများချိတ်ဆက်ဆောင်ရွက်မှုသည် သင့်တင့် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု၊ ရပ်မိ ရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင် ထိရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အသိအမြင် ဗဟုသုတများဖြစ်သည့်(ဥပမာ- အဖွဲ့အစည်းများ ဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ ဌာနဆိုင်ရာများဖြစ်သော အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာန၊ အသေးစားနှင့်စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှလည်း ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည် ။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု နည်းသောကျေးရွာတွင် ပါဝင်ပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စု (၃၀)စုရှိပြီး ကျေးရွာရှိအိမ်ထောင်စု၏ (၁၅%)ရှိပါသည်။ ကျေးရွာတွင်

လယ်မြေကေ(၁၁၀)ကေရှိပြီး စပါးကိုသာအဓိကစိုက်ပျိုးပြီး အခြားစိုက်ပျိုးသီးနှံများအနေဖြင့် ပဲတီစိမ်း၊ နှင့် ပဲတောင့် ရှည်များကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်း အားစုများ နည်းပညာနှင့် ဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး ဆည်ရေနှင့်သာမက မိုးရေဖြင့်ပါ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက် နှုန်းတိုးလိုပါက မြေဩဇာ အများအပြားထည့်ရခြင်းကြောင့် အရင်းအနှီးများခြင်း၊ မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချသောစျေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများမှ ရောင်းချသောစျေးနှုန်းများတူညီကြသော် လည်း ဝန်ဆောင်မှုလုပ်ငန်းများမတူညီခြင်းကြောင့် စိုက်ပျိုးတောင်သူများအနေဖြင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူမှုပိုမိုများ ပါသည် ။ စိုက်ပျိုးရေအနေဖြင့် မိုးရေကိုသာ အဓိကအားထား၍ ဆောင်ရွက်ကြရသော်လည်း ကျေးရွာရှိ စိုက်ပျိုးလယ်ယာ မြေများတွင် တူးဖော်ထားသော အဝီစိစက်တပ်ရေတွင်းများမှ ရေများကို ထုတ်ယူ၍ ရာသီပေါ်သီးနှံများကိုစိုက်ပျိုးကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) နိုဖထောကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	နို့စားနွား	ဝက်	ကြက်	ဘဲ	ကျွဲ
၁	ကညင်ကုန်း	၅၀	၄၀	၅၀	၂၀၀	၅၀	၂၀

လှည်းကူးမြို့နယ်၊ ကညင်ကုန်း ကျေးရွာတွင် နွား၊ ဝက် နှင့် ကြက် များကို တစ်နိုင်တပိုင် မွေးမြူသောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူ သော အိမ်ထောင်စုဟူ၍ မရှိပါ။ မိရိုးဖလာနည်းပညာများအတိုင်း မွေးမြူကြခြင်းကြောင့် ဆုံးရှုံးမှု များပြီး အမြတ်ရရှိမှုနည်းခြင်းများဖြင့် ကြုံတွေ့ရပါသည်။ ကောက်ရိုးနှင့်ရိတ်သိမ်းပြီး သော ပဲပင်များကို နွားစာအဖြစ် ပြန်လည်အသုံးပြုကြခြင်းများ ရှိပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာဝန်ဆောင်မှုပေးခြင်းများ လိုအပ်နေပါသည်။ အတိုးနည်းချေးငွေ ရရှိပါက စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လှည်းကူးမြို့နယ်၊ ကညင်ကုန်း ကျေးရွာတွင် အိမ်တွင်းမှုဆိုင်ရာ ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ သို့သော်လည်း နေ့စားလုပ်သားများနှင့် ဆိုက်ကယ်ကယ်ရီများရှိသည့်အပြင် နွားနို့ ရောင်းချခြင်းများလည်းရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ပန်းရံ၊ လက်သမား၊ ယာဉ်မောင်း ၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ကုန်စုံ ဆိုင်များကို လုပ်ကိုင်ဆောင်ရွက် ကြပါသည် ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် နည်းပညာဖြန့်ဝေခြင်းနှင့် အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်ခြင်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ် လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ လွတ်လပ်စွာ ကူးသန်းသွား လာနိုင်ပြီး လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင် မည်ဆိုပါက ထုတ်ကုန်လုပ်ငန်းဆောင်ရွက်ခြင်းအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။ ထို့အပြင် ကျပန်းလုပ်သား ပေါများသည့် ကျေးရွာဖြစ်သောကြောင့် မိသားစု ဝင်ငွေတိုး လုပ်ငန်းများနှင့် တစ်နိုင်တပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစီအမံ များ ချမှတ်ကာ အကောင် အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည် ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လှည်းကူးမြို့နယ် ၊ ကညင်ကုန်း ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်ပြီး ပုံစံ(၇) ပိုင်ဆိုင်ထား သည့် အိမ်ထောင်စုများသာ စိုက်ပျိုးရေးဘဏ်မှ ချေးငွေများကိုရရှိနိုင်ပါသည်။ ကျေးရွာတွင် ကျပန်း လုပ်သားပေါများခြင်းကြောင့် အတိုးနည်းချေးငွေလိုအပ်မှုများရှိပြီး ၎င်းတို့၏ ပုံမှန် လုပ်ငန်းများမှရရှိသည့် ဝင်ငွေအပေါ်မူတည်၍ နေထိုင်စားသောက်ရေးကို ဖြေရှင်းနိုင်ကြရပါ သည်။ ဝမ်းစာမဖူလုံသော ကျေးရွာလူထုများအနေဖြင့် ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်း အသင်းများထံမှ ချေးငွေများရယူကာ ဝမ်းရေးပြဿနာကို ဖြေရှင်း

နေကြပါသည်။ ထို့ကြောင့် ကျေးရွာနေ ပြည်သူအများစုအတွက် သက်သာသောအတိုးနှုန်းဖြင့် မတည်ရန်ပုံငွေထူထောင် ခြင်း လုပ်ငန်းများ လိုအပ်လျက် ရှိပါသည် ။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် လယ်ယာထွက်ကုန်များအား အခြား ကျေးရွာ များရှိ ဝယ်ယူသည့်ဒိုင်များနှင့် ပွဲစားများသို့ ရောင်းချကြရပါသည်။ ကုန်စိမ်းနှင့် သားငါးများကို ကျေးရွာသို့လာရောက်ရောင်းချသည့် လှည့်လည်ဈေးသည်များထံမှ အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ အကြီးစားလိုအပ်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုမူ လှည်းကူးမြို့ ရှိဈေးဆိုင်များတွင် လွယ်လင့်တကူ သွားရောက်ဝယ်ယူကြပါသည်။ ကျေးရွာ တွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများ ဖြစ်ပါသည်။ ကျေးရွာသည် မြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

လှည်းကူးမြို့နယ် ၊ ကညင်ကုန်းကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြု နေကြသည့် အိမ်ထောင်စု (၁၃၀) ဖြစ်ပြီး ကျေးရွာတွင်းတွင်Transformer ရှိသောကြောင့် လျှပ်စစ်မီးအားမှာကောင်းမွန်ပြီး လျှပ်စစ်မီးရရှိသည့် ကျေးရွာဖြစ်၍ ကျေးရွာ တွင်မီးလင်းရေးကော်မတီလည်း ဖွဲ့စည်းထားပါသည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက် နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း ၊ Radio, TV အများအပြား အသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်း ကျင်တွင် သက်ဆိုင်ရာဆက်သွယ်ရေးတာဝါတိုင်များတည်ရှိသဖြင့် ကျေးရွာသူ/သားများမှာ ကြိုးမဲ့ ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုး စလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များ အား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်း ပညာဆိုင်ရာအချက်အလက်များကိုလည်းလျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။ သို့သော်လည်း အင်တာနက်လိုင်းဆွဲအား အနည်းငယ်သံ့ပါသည် ။

၇။ ပညာရေး

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာရှိ မူလတန်းကျောင်းရှိပြီး အာဟာရတိုက်ကျွေးမှု အစီအစဉ်မှာ ရံဖန်ရံခါရှိပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သည့် လူသားအရင်း အမြစ်များပါသည်။ လူငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းနှင့် အသက်မွေးဝမ်း ကျောင်းနည်းပညာ အားနည်းခြင်းတို့နှင့်ကြုံတွေ့နေရပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပို့ချပေးပြီး ကုန်ထုတ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးများ ပံ့ပိုးကူညီပေးမည် ဆိုပါက မိသားစုဝင်တိုးပွားလာကာ လူသားအရင်းအမြစ်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကျောင်းနေရွယ်ကလေးသူ ငယ်များ အားလုံး ကျောင်းနေကြပါသည် ။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ ကျန်းမာရေးအခြေအနေပေါ်မူတည်၍ ရောဂါကြီးမားပါက မြို့နယ်ဆေးရုံဖြစ်သော လှည်းကူးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးလက်နေပြည်သူများ အနေဖြင့် ရာသီတုပ်ကွေးရောဂါ၊ လည်ချောင်းနာရောဂါနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ကာလ တိုသည့် ရောဂါမျိုးကိုသာဖြစ်ပွားလေ့ရှိပါသည်။ ဖြစ်ပွားရသောအကြောင်း အရင်းများကို ဖော်ထုတ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ်ရောက်သူတိုင်းကို သတ်မှတ် ကာလများအတွင်း ကျေးရွာသို့လာရောင်၍ လိုအပ်သည့်ကာကွယ်ဆေးများအား ထိုးနှံပေး ခြင်းများရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာတွင် သောက်သုံးရေကို တွင်းတိမ်/တွင်းနက် များ၊လက်နှိပ်တုံကင်၊ အဝီစိစက်တပ်ရေတွင်းများမှ ထုတ်ယူသုံးစွဲကြပါသည်။ မြေအောက်ရေ အနက်ပေ(၂၀၀)ခန့် တူးဖော်ထားသည့် အိမ်သုံးများရှိသော်လည်း သောက်သုံးရန် အဆင်မပြေသောကြောင့် ရေသန့်စက်ရုံမှ ရေသန့်များကို ဝယ်ယူသောက်သုံးကြရပါသည်။ ကျေးရွာ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ(၉၅%)ရှိပြီး အချို့သောအိမ်ထောင်စုများသည် မြေနေ ရာအနေအထားအရ ယင်လုံအိမ်သာများကို မိသားစုအလိုက် မျှဝေသုံးစွဲကြပါသည်။ ကျေးရွာ သူ ကျေးရွာသားများအား ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကို ကျင်းပပေးသင့်ပါသည် ။

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

လှည်းကူးမြို့နယ်၊ ကညင်ကုန်း ကျေးရွာရှိ လယ်ယာမြေများ၏ စိုက်ပျိုးမြေဆီလွှာအနေ အထားမှာ သင့်တင့်မျှတသော အနေအထားတွင်ရှိပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်း မွန်ပြီး သီးနှံအထွက်နှုန်းလည်း မျှတပါသည်။ စွန့်ပစ်အမှိုက်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလပ်စတစ်ဘူးခွံနှင့် အိတ်ခွံများကို စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ကန် လိုအပ် လျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ကိုလည်း မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

လှည်းကူးမြို့နယ် ၊ ကညင်ကုန်းကျေးရွာသည် မြန်မာနိုင်ငံအောက်ပိုင်းတွင် တည်ရှိသော ကျေးရွာဖြစ်သည့်အလျောက် မိုးရာသီတွင် မိုးများခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ အပေါ်မူတည်၍ ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ လူထုအခြေပြု သဘာဝဘေး အန္တရာယ် လျော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ မိုးရွာသွန်းမှုများသော ကာလများ တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ

လုပ်ငန်းစီမံချက်များကို ကြိုတင်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သင့် ပါသည်။ မှုခင်းကျရောက်မှုများကို ကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအခါအားလျော်စွာ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲများအား ဆောင်ရွက်ပေးသင့်ပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လှည်းကူးမြို့နယ်၊ ကညင်ကုန်းကျေးရွာရှိ မိဘများသည် သားသမီးများ၏ပညာသင်ကြားမှု အပိုင်းတွင် ကျားမရေးရာ ခွဲခြားခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရရှိကြပါသည်။ မိသားစုစား ဝတ် နေရေးအခြေအနေပေါ်မူတည်၍ ပညာသင်ကြားခွင့်ကို များစွာသက်ရောက်မှုရှိစေပါသည်။ သို့သော်လည်း ကျောင်းနေရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြရပါသည်။ စိုက်ပျိုးရေး နှင့် စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ နေ့စားလုပ်အားခများ ရရှိသော်လည်း လက်သမား၊ ပန်းရံလုပ်ငန်းများနှင့်နည်းပညာရင်းနှီးရသည့်လုပ်ငန်းများတွင် အမျိုးသားများ၏နေ့စားလုပ်အားခ သည်အမျိုးသမီးများထက် ပမာဏပိုများပါသည် ။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်း ဖက်မှု နှင့်ကျားမ ခွဲခြားဆက်ဆံမှု တို့မှာ နည်းပါးပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ကျေးရွာ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များတွင် အမျိုးသမီးများမှ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင် ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်

					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၇	၃၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၅	၄၅	၇၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၀	၄၀	၇၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၅၀	၈၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၀	၁၄၀	၃၂၀		
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၂၀	၅၀	၇၀		
စုစုပေါင်း		၂၉၈	၃၄၂	၆၄၀		
စုစုပေါင်း အိမ်ထောင်စု		၁၆၀				

လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များပြားပြီး အလုပ်လုပ်နိုင်သည့်အရွယ် လည်းများပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော အရွယ်ရှိသူအားလုံး မိမိတို့ဝါသနာပါရာ လုပ်ငန်းများ၊ အိမ်တွင်းစီးပွားရေး လုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေ ကြပါသည်။ ကျေးရွာတွင် ကျောင်းနေ အရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေကြပြီး ၅ နှစ်အရွယ် ကလေးများသည်လည်း အသက်အရွယ် အလိုက် ကာကွယ်ဆေးထိုးနှံခြင်းများရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၃၀	-	၂၀	၁၀	၄၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၁၀	၁၀	-	၅	၅	၁၂	မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၅၀	၂	၃၀	၂၀	၂၀	မြင့် ☐ လတ် ☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၁၅	၂၀	-	၁၂	၈	၃၀	မြင့် ☐ လတ် ☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐
	အလုပ်သမား / ဝန်ထမ်း							နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၃၀		၁၈	၁၂	၅	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	/ ဝန်ထမ်း							နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၀		၁၀	၁၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၅		၂	၃		မြင့် ☐ လတ် ☑ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁			၁	၃	မြင့် □ လတ် □ နိမ့် ☑
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ	အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား					
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၀	၆၀		၄၀	၂၀	၅၀	မြင့် □ လတ် ☑ နိမ့် □
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅		၅	၁၀	၉	မြင့် □ လတ် ☑ နိမ့် □
	စုစုပေါင်း	၁၆၀	၂၄၁		☒		၁၆၉	

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အသင့်တင့်ရှိပြီး အိမ်ထောင်စုများအနေဖြင့် အဌားလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းများရှိသကဲ့သို့ ဝန်ထမ်းများ၊ ပန်းရံ၊ လက်သမား လုပ်ငန်း၊ ရာဘာစည်းခြစ်ခြင်းလုပ်ငန်း၊ ဈေးရောင်းသည့်လုပ်ငန်း၊ သုံးဘီးဆိုင်ကယ်မောင်း ခြင်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေခဲ/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

လေ့လာတွေ့ရှိချက်။ ။လုပ်အားခ သတ်မှတ်ရာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တန်းတူညီမှုရှိသော်လည်း လက်သမား၊ ပန်းရံလုပ်ငန်းများတွင် ကျွမ်းကျင်မှု အပေါ်မူတည်၍ လုပ်အားခများ မတူညီကြပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
လယ်မြေ	၃၀	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၃၀	☒

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးအနေဖြင့် ဆန်စပါးသည် အဓိကစီးပွားရေး ဖြစ်သည်။ ရာသီပေါ်သီးနှံများဖြစ်သော ခရမ်းချဉ်နှင့် ပဲတီစိမ်းတို့ကို စိုက်ပျိုးကြသည်။ မိုးရေ ကိုသာ အဓိကအားထား၍ လယ်ယာမြေများကို စိုက်ပျိုးကြပါသည်။ ကျေးရွာရှိ စုစုပေါင်းလယ်မြေ (၁၁၀)ဧကသာပိုင်ဆိုင်ကြပြီး စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်နိုင်ပြီး မြေဩဇာ ကောင်းမွန်သော်လည်း ယခုအချိန်တွင်မူဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း (ပေါင်း၊ မှူ၊ ပိုး)သတ်ဆေးများ စည်းကမ်းမဲ့သုံးစွဲခြင်းများကြောင့် အသင့်အတင့်သာ ကောင်းမွန် ကြောင်း တွေ့ရှိရသည်။ နောင်အခါ များတွင် မြေအရည်အသွေး ညံ့ဖျင်းသွားမည်ကို စိုးရိမ်ရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်း ကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ
သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐		လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ အင်း၊အိုင်၊) မြေပေါ်ရေ - ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း(	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ်☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ မြေအောက်ရေ - တွင်းတိမ်၊တွင်းနက်၊) လက်တူးတွင်း(	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် သဘာဝတွင်းထွက်ပစ္စည်းများမရှိပါ။ သဘာဝပတ်ဝန်းကျင်တွင် တိရိစ္ဆာန်များအတွက် အသုံးပြုနိုင်သည့် ဆေးဝါးပင်များလည်း အသင့်အတင့်ရှိပါသည် ။ ကျေးရွာတွင် ရေအရင်းအမြစ်များ ပေါများသော် လည်း ကျေးရွာလူထုအတွက်သာ သုံးစွဲနိုင်ပါသည် ။ ကျေးရွာတွင်းအသုံးပြုနေသော ရေတွင်းများသည် ရေပေါ်ရေများသာ ဖြစ်ပါသည် ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	သင့်	-	-
အိမ်အခြေအနေ	**RC** တိုက် ၊ အုတ်(၂)ထပ်	သွပ်မိုး/ ပျဉ်ခင်း/ပျဉ်ကာ	သွပ်မိုး/ ပျဉ်ခင်း/ထရံကာ	သွပ်မိုး/ ပျဉ်ခင်း/ ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး/ မွေးမြူရေး	စိုက်/မွေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၁၀	၄၅	၁၀၀	၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသူ အသင့်တင့်ရှိပြီး မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သူ အနည်းငယ်ရှိသည်။ လက်သမား၊ ပန်းရံလုပ်ငန်း ၊ အရောင်းအဝယ်လုပ်ငန်း၊ ကျပန်းလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ကြသည့် အဆင်ပြေသော အိမ်ထောင်စု (၁၀)စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၄၅)စု၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် မပြေလည် သော အိမ်ထောင်စု(၁၀၀)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၅)စုတို့ ရှိကြပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းသည် ပြည်သူလူထုအတွက် ဝင်ငွေရလုပ်ငန်း ဆောင်ရွက်ခြင်းများအပေါ် အခက်အခဲများရှိသကဲ့သို့ ကျေးရွာတွင် အလုပ်အကိုင် ရှားပါးခြင်းသည် လည်းမြို့ကြီးပြကြီးများသို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းများအပေါ် များစွာအကျိုးသက် ရောက်စေပါသည်။ အဓိကစီးပွားရေးလုပ်ငန်းနှင့် တစ်နိုင်တပိုင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် လေ့လာတွေ့ရှိချက်များမှာ ကျေးရွာ၏ အလွန်မပြေလည်သော အိမ်ထောင်စု(၅)စုမှာ အခြားအစာပြောင်းလဲ

စားသောက်ခြင်းမရှိပါ။ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံ ရေးအတွက်၊ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်း အသင်းများထံမှ ချေးယူခြင်းများရှိသကဲ့သို့ လုပ်အားခ ကြိုတင်ထုတ်ယူခြင်းများဖြင့် ဝမ်းရေး ပြဿနာကို ဖြေရှင်းဆောင်ရွက်ကြရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့် နစ်နှင့်အထက်	၇	၅	၁၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	၁	၂
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

လေ့လာတွေ့ရှိချက်။ ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအခြေအနေတွင် အသက် (၆၄) နှစ်အထက်များရှိပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၅)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၂)စု ရှိပါသည်။ ရပ်ရွာမှ ကျွေးမွေးစောင့်ရှောက်ရသည့် အိမ်ထောင်စုမရှိပါ။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော (ညီထွေဖြစ်စေမည့်အစီအမံများ)

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော (ညီထွေဖြစ်စေမည့်အစီအမံများ)		
သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
မြစ်ရေကြီးမှု	☐	☑	☐	☑	☐	☐
လျှပ်တပြတ်ရေကြီးခြင်း	☐	☑	☐	☑	☐	☐
မုန်တိုင်းဒီရေ	☐	☐	☐	☐	☐	☐
ဆူနာမီ	☐	☐	☐	☐	☐	☐
တိုင်ဖုန်းမုန်တိုင်း	☐	☐	☐	☐	☐	☐
လေဆင်နှာမောင်း	☐	☐	☐	☐	☐	☐
ငလျင်	☑	☐	☐	☑	☐	☐
အပူလှိုင်း	☐	☐	☐	☐	☐	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☐	☐	☐	☐	☐	☐
အအေးလှိုင်း	☐	☐	☐	☐	☐	☐
မိုးသီးကြွေကျမှု	☐	☐	☐	☐	☐	☐
မိုးခေါင်ခြင်း	☐	☐	☐	☐	☐	☐
တောမီးလောင်ခြင်း	☐	☐	☐	☐	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☐	☐	☐	☐	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☐	☐	☐	☐	☐	☐
မြေပြိုခြင်း	☐	☐	☐	☐	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော (ညီထွေဖြစ်စေမည့်အစီအမံများ)		
စားနပ်ရိက္ခာမဖူလုံမှု	□	□	□	□	□	□
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	□	□	□	□	□	□
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	□	□	□	□	□	□
သစ်တောပြုန်းတီးခြင်း	□	□	□	□	□	□
ငှက်ဖျားရောဂါ	□	□	□	□	□	□
တီဘီရောဂါ	□	□	□	□	□	□
ကိုယ်ခံအားကျဆင်းမှုရောဂါ	□	□	□	□	□	□
ကပ်ရောဂါ	□	□	□	□	□	□
ပြည်တွင်းပဋိပက္ခ	□	□	□	□	□	□
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	□	□	□	□	□	□
လူကုန်ကူးခြင်း	□	□	□	□	□	□
ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	□	□	□	□	□	□

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘေးအန္တရာယ်ကျရောက်မှုအနေဖြင့် ကြီးမားသည့် ထိခိုက်မှု များမရှိပါ။ ရံဖန်ရံခါ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ နွေရာသီတွင် အပူရှိန် မြင့်မားမှု ကြုံတွေ့ရခြင်းနှင့် တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှု) လျော့နည်းရေးနှင့်လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
လူငယ်	☐	☑	☐	☐	☑	☐
အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	☐	☑	☐	☐	☑	☐
ဆင်းရဲသားတောင်သူ	☐	☑	☐	☐	☑	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စုကူးစက်ရောဂါထူ / ပြောသောဒေသတွင် နေထိုင်သူ	☐	☐	☐	☐	☐	☐
ပင်လယ်မြစ်ကမ်းဘေးနေထိုင်သူများ/	☐	☐	☐	☐	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ)IDP)	☐	☐	☐	☐	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☐	☐	☐	☐	☐	☐
ငါးကန်ပိုင်ရှင်များ	☐	☐	☐	☐	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☐	☐	☑	☑	☐	☐
လူနည်းစုလူမျိုးများ	☐	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခရေိယာတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐
နယ်စပ်ဒေသတွင်နေထိုင်သူများ	☐	☐	☐	☐	☐	☐

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု ထိခိုက်မှု) လျော့နည်းရေးနှင့်လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
ရွေတွင်းလုပ်သားများ	☐	☐	☐	☐	☐	☐
လှည့်လည်သွားလာ၍ဈေးရောင်းသူများ	☐	☑	☐	☐	☑	☐
နေရပ်ပြန်အခြေချသူများ	☐	☐	☐	☐	☐	☐
ရွှေ့ပြောင်းလုပ်သားများ	☐	☐	☐	☐	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☐	☐	☐	☐	☐	☐

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သူများအနေဖြင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူနှင့် လှည့်လည်၍ ဈေးရောင်းသူအနည်းငယ်ရှိပြီး ကျေးရွာမှ လှည်းကူးမြို့သို့ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးအတွက် သွားလာသူများလည်း ရှိပါသည်။ ၎င်းတို့အတွက် ထိခိုက်မှုလျော့နည်းစေရေးအတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ရန် လိုအပ်ပါသည် ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	☑ ☐ ☐	၆	၂	၈	☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း ☐ သင့် ☐ ညံ့
၂	လမ်းကော်မတီ	☐ ☑ ☐	၇		၇	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း ☐ သင့် ☐ ညံ့
၃	မီးလင်းရေး ကော်မတီ	☐ ☑ ☐	၉		၉	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ကောင်း ☐ သင့် ☐ ညံ့
၄	ပရဟိတအဖွဲ့	☐ ☑ ☐	၅	၅	၁၀	☑ ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး	☑ ကောင်း ☐သင့် ☐ ညံ့

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						☑ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	
၅	စည်ပင်သာယာရေး အဖွဲ့	☐ ☐ ☐				ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☐ သင့် ☐ ညံ့
၆	ကျောင်းကော်မတီ	☐ ☑ ☐	၅	၄	၉	☑ ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	☑ ကောင်း ☐သင့် ☐ ညံ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတ အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာများတွင် အများဆုံးပါဝင်ဆောင်ရွက်ကြပြီး ကျန်အဖွဲ့ များသည် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဧယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	BNKအဖွဲ့	၁□ ၂☑ ၃□ ၄ ၅□ ၆ ၇□	□ပညာရေး ☑ ငွေကြေး □ကျန်းမာရေး □ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၂	မြစိမ်းရောင်အဖွဲ့	၁□ ၂ □၃□ ၄ ☑၅□ ၆ ၇□	□ပညာရေး ☑ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/
၃		၁□ ၂□ ၃□ ၄ ၅□ ၆ ၇□	□ပညာရေး □ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး/

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသို့ ဌာနဆိုင်ရာများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သမဦးစီးဌာန၊ လျှပ်စစ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများနှင့် ပြင်ပချေးငွေအဖွဲ့တို့မှ ကျေးရွာ၏လိုအပ်ချက်များကို ကွင်းဆင်းစိစစ်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဧယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၀	၁၄	မြေမဲ့ယာမဲ့
၂	၂.၅ ကေအောက်	၁	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ကေမှ ၅ ကေ ကြား	၁၂		တောင်သူငယ်
၄	၅ ကေမှ ၁၂.၅ ကေ ကြား	၆		တောင်သူလတ်
၅	၁၂.၅ ကေ အထက်	၁၁		တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၆၀	၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တောင်သူ(၃၀)ဦးရှိ ပြီး မြေယာမဲ့(၁၃၀)ဦးရှိပါသည်။ ၎င်းတောင်သူများအနေဖြင့် စပါးကို အဓိကစိုက်ပျိုးကြပြီး ရာသီပေါ် သီးနှံများဖြစ်သော ခရမ်းချဉ်နှင့် ပဲတီစိမ်းတို့ကို တစ်နိုင်တပိုင် စိုက်ပျိုးကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက် (ဧက)	တစ်နှစ်ပတ်လုံး / ရာသီအလိုက်) မှန်ရာတစ်ခုကိုသာရွေးရန်	လုံလောက်မှု (မရှိ/ရှိ) မှန်ရာတစ်ခုကိုသာရွေးရန်) (	လွန်ခဲ့သောနှစ်က(၁၀) အခြေအနေ မှန်ရာတစ်ခုကို) သာရွေးရန်
ဆည်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☐ရှိ ☐မရှိ ☐မဖြေဆိုပါ	☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေလွှဲဆည်	၃၀	☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
မြစ်ရေတင်		☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☑မဖြေဆိုပါ	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ
ရေသွင်း		☐တစ်နှစ်ပတ်လုံး	☐ရှိ ☐မရှိ ☑မဖြေဆိုပါ	☐လျော့ ☐တိုး

မြောင်း		□ရာသီအလိုက် ☑မဖြေဆိုပါ		☑အပြောင်းအလဲမရှိ
အဝီစိတွင်း		□တစ်နှစ်ပတ်လုံး □ရာသီအလိုက် ☑မဖြေဆိုပါ	□ရှိ □မရှိ ☑မဖြေဆိုပါ	□လျော့ □တိုး ☑အပြောင်းအလဲမရှိ
လက်ငင် ရေတွင်း		□တစ်နှစ်ပတ်လုံး □ရာသီအလိုက် ☑မဖြေဆိုပါ	□ရှိ □မရှိ ☑မဖြေဆိုပါ	□လျော့ □တိုး ☑အပြောင်းအလဲမရှိ
စိမ့်စမ်းရေ		□တစ်နှစ်ပတ်လုံး □ရာသီအလိုက် ☑မဖြေဆိုပါ	□ရှိ □မရှိ ☑မဖြေဆိုပါ	□လျော့ □တိုး ☑အပြောင်းအလဲမရှိ
ချောင်းရေ		□တစ်နှစ်ပတ်လုံး □ရာသီအလိုက် ☑မဖြေဆိုပါ	□ရှိ □မရှိ ☑မဖြေဆိုပါ	□လျော့ □တိုး ☑အပြောင်းအလဲမရှိ

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စိုက်ပျိုးသီးနှံများအားလုံးသည် မိုးရေနှင့်ရေလွှဲဆည်ကိုသာ အားထား၍ စိုက်ပျိုးကြသည့်အပြင် ကျေးရွာစိုက်ပျိုးမြေများအတွင်း တူးဖော်ထားသော အဝီစိ စက်တပ်ရေတွင်းများမှလည်း ရေထုတ်ယူကာ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ကြပါသည် ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း	သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် မှန်ရာတစ်ခုကိုသာ (ရွေးရန်	အမြတ်ရရှိနိုင်မှု) မှန်ရာတစ်ခုကိုသာ (ရွေးရန်	ထိခိုက်လွယ်မှု) မှန်ရာတစ်ခု

		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျ	မှ	ထိ			ကိသာရွေးရန် (
စပါး	၁၁၀	တင်း	၉၅	၁၂၀	၁၀၀	ဧပြီ	ဇွန်	☑မြင့်လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်
ပဲတီစိမ်း	၃၅	တင်း	၇	၁၀	၈	မတ်	မေ	☑မြင့်လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်
ငရုပ်သီး/ခရမ်းချဉ်	၁၂	ပိဿာ	၅၀၀	၈၀၀	၈.၅	ဧပြီ	ဇူလိုင်	☑မြင့်လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☑မြင့် ☐ လတ် ☐ နိမ့်

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးကို ဧပြီလမှ ဇန်နဝါရီလအထိ၊ ပဲတီစိမ်းအား မတ်လမှ မေလအထိ၊ ငရုတ်နှင့် ခရမ်းချဉ်တို့အား ဧပြီလမှ ဇူလိုင်လအထိ စိုက်ပျိုးကြပါသည်။ သီးနှံများအားလုံး အထွက်နှုန်းအသင့်အတင့်ကောင်းမွန်ကြပါသည်။ အထွက်နှုန်းတိုးတက်စေရန်အတွက် ဖြည့်သွင်း ရမည့် ဓါတ်မြေဩဇာများအတွက် သွင်းအားစု အခက်အခဲများ ရှိပါသည် ။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်				

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
လက်တွန်းထွန်စက်	၃			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၀			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လယ်ယာသုံး စက်ကိရိယာများအသုံးပြုမှုနည်းပါးပြီး လိုအပ်သည့် စက်ကိရိယာ များအား အခြားနေရာများမှ ငှားရမ်းအသုံးပြရသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း □ကောင်း □ သင့်တင့်မျှတ☑ မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း □ကောင်း □

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
	သင့်တင့်မျှတ ☑မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ□ အသင့်အတင့်ရှိ☑ မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □ ရသည် ☑ မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ရနိုင်သည် ☑ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် □ ရနိုင်သည် □ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑ သီးနှံများကို ရောင်းချနိုင်သည် မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် သင့်တင့်သော မြေဩဇာနှင့် မြေဆီလွှာများ ထည့်သွင်းရန် လိုအပ်ပါသည်။ စိုက်ပျိုးတောင်သူများရှိသော်လည်း လိုအပ်သည့် သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များကို အလွယ်တကူ ရယူနိုင်သော်လည်း ငွေကြေးအခြေအနေ အရ လက်လှမ်းမမီပါ ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☑
လယ်ယာမြေ အသုံးချနိုင်မှု	☐လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ လပ်မြေအသင့်အတင့်ရှိသည် ☑ မဖြေဆိုပါ
စိုက်ပျိုးရေ အရင်းအမြစ်	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သီးနှံမျိုးစေ့ ရရှိနိုင်မှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။** **ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
နှင့် အခြားဓာတုဗေဒ သွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	☐ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	☐ အလွယ်တကူမရနိုင် ☐လုံးဝမရ ☑ မဖြေဆိုပါ
